အုန်းကုန်းကျေးရွာ

လိန်ကုန်းအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အုန်းကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဧပြီလ၊၂၀၂၀

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၁

စကားချီး ၁

အုန်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဇလွန်မြို့နယ် ၂

အုန်းကုန်းကျေးရွာရာသီခွင်ပြက္ခဒိန်၊ဇလွန်မြို့နယ် ၃

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၇

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊
အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်
ကျသောချိတ်ဆက်မှုများ ၁၅
(၈) ဦးစားပေးစီမံချက်များနှင့်ငှ်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၇
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၂
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၂၄
(၁) လူမှုစီးပွားရေးအခြေအနေ
**ဇယား ၁လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၇ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား ၁၀ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာ
နှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့
အကျင့်နှင့်အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့်သဘာဝဘေးအန္တရာယ်လျှော့ချရေး
အစီအမံများ
ဇယား ၂၇ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင်အခြေအနေ

ဇယား ၃၀ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၁ အဖြစ်များသောရောဂါများ
ဇယား ၃၂ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏လမ်း၊တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၆၅

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)** ၆၇

**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၉/၂၀ဘဏ္ဍာရေးနှစ်မှ၂၀၂၃/၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထ ားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လို အပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလ က်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလ က်များနှင့်အကြံညာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက် ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင် းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤ လုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂ ဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သေ ာကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ် ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွ က်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုး

မှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဧပြီလ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အုန်းကုန်းကျေးရွာ
ဇလွန်မြို့နယ်


ရည်ညွှန်းချက်
ကွန်ကရစ်လမ်း
ချောင်း
အိမ်
ခြံ
ကျောက်ပြားလမ်း
လယ်ကွင်း
စာသင်ကျောင်း
ဇရပ်
တံတား
ရက်စွဲ 10.1.2020
ရေးဆွဲသူ ၊ မဂျူးဂျူးခင်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု |  | | | | | | | | | | | |
| ၂ | စိုက်ပျိုးရေး (လယ်) | ပဲနုတ် | [illegible] | မျိုးချ | [illegible] | [illegible] | ပေါင်းသင် | ရိတ်သိမ်း | ရိတ်သိမ်း | [illegible] | ဆေးဖျန်း | ဆေးဖျန်း | ပဲနုတ် |
| ၃ | စိုက်ပျိုးရေး (ယာ) | မြေပြင် | မြေပြင် | [illegible] | ပေါင်းသင် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | အလုပ်အကိုင် | ရှားပါး | ရှားပါး | အသင့်အတင့် | ကောင်း | ကောင်း | အသင့်အတင့် | ကောင်း | ကောင်း | အသင့်အတင့် | ရှားပါး | ကောင်း | ကောင်း |
| ၅ | မွေးမြူရေး | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် |
| ၆ | ပွဲတော် | [illegible] | ညောင်ရေသွန်းပွဲ | [illegible] | ဝါဆိုပွဲ | [illegible] | [illegible] | မီးထွန်းပွဲတော် | ကထိန်ပွဲတော် | [illegible] | [illegible] | [illegible] | ဘုရားပွဲတော် |
| ၇ | ရောဂါ | အပူလျှပ် များ | အပူလျှပ် များ | အပူလျှပ် များ | ငှက်ဖျား ဝမ်းလျှော [illegible] | ငှက်ဖျား ဝမ်းလျှော [illegible] | ငှက်ဖျား ဝမ်းလျှော [illegible] | အအေးမိ နှာစေး ချောင်းဆိုး | နှာစေး ချောင်းဆိုး | နှာစေး နှာပိတ် ချောင်းဆိုး | အအေးမိ နှာစေး | အအေးမိ ဖျားနာ | အပူလျှပ် များ |
| ၈ | ဝင်ငွေ / ထွက်ငွေ | /၀၀ | /၀၀ | /၀၀ | ၀၀/၀၀ | ၀၀/၀၀ | ၀၀/၀၀ | ၀၀/၀၀ | ၀၀/၀၀ | ၀၀/၀၀ | ၀၀/၀၀ | /၀၀ | /၀၀ |

[illegible] · 13.1.2020 [illegible]

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင် ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက် သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင် ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

အုန်းကုန်းကျေးရွာသည်ဇလွန်မြို့အနောက်ဘက် ဇလွန်-ပျဉ်းမကုန်းလမ်းမကြီး၏ ဘေးတွင်တည်ရှိပါသည်။မိုးရာသီတွင်မိုးကောင်း၍ ဆောင်းနှင့်နွေသည်လည်းရာသီဥတုအသင့်အတင့် ရှိသဖြင့်ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင်

မွေးမြူရေး၊ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ(၄၀)အထက်ရှိပြီး လယ်မြေများကိုစပါးနှင့်မတ်ပဲတို့ကိုအဓိကစိုက်ပျိုးပြီးအသက်မွေးဝမ်းကျောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

အုန်းကုန်းကျေးရွာတွင်ဇလွန်မြို့နှင့်နီးသောကြောင့်ကျေးရွာ လမ်းပန်းဆက်သွယ်ရေး၊တည်ဆောက်ရေးလုပ်ငန်းများတွင်လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။တွင်းထွက်သယံဇာတများ၊သဘာဝအပင်မျိုးစိတ်များ၊သဘာဝတိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းအတွက်နွားအသုံးပြုမှုမရှိသလောက်နည်းပါးပါသည်။စက်များကိုသာအသုံးပြုကြပြီး စက်များမှာလည်း အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်ကြပါသည်။ နွားများမရှိသဖြင့်စားကျက်မြေများလည်းမရှိပါ။ အုန်းကုန်း ကျေးရွာတွင်တွေ့ရသော ဆေးဘက်ဝင်အပင်များမှာ ကျိတ်မှတ်ပင်၊ မီးကွင်းဂမုန်း၊ ပေါက်ပန်းဖြူ/နီ ၊လျှားစောင်းလက်ပတ်ပင်တို့ဖြစ်ပါသည်။

**၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အုန်းကုန်းကျေးရွာတွင်အိမ်ခြေ(၁၁၄)အိမ်၊အိမ်ထောင်စု(၁၁၄)နှင့်လူဦးရေ(၄၃၅)ဦး၊ ကလေးငယ်အရွယ်(၆)%၊ ကျောင်းနေအရွယ်(၁၁)%၊ အလုပ်လုပ်နိုင်သောအရွယ်(၇၉)%၊ သက်ကြီးရွယ်အို(၄)%ရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီးနိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း၅ဦးထက်လျော့နည်းသည်။ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်။ကျေးရွာတွင်အမျိုးသား (၂၁၅)ဦး၊အမျိုးသမီး(၂၃၀)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီးအလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာတွင်ကိုင်းစိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြပြီးမိသားစုအပိုဝင်ငွေရရှိရေးတစ်ပိုင်တစ်နိုင်ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ဖောကာမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်းအဓိကလုပ်ကိုင်သူ(၁၆)%၊ ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ(၇၀)%၊အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့် ပညာရေးဝန်ထမ်း လုပ်ကိုင်သူ(၃)%လည်းရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာလယ်မြေဧက(၁၆၂.၅၉)ဧက၊ဥယျာဉ်ခြံမြေပိုင်ဆိုင်မှုဧက(၈.၄၅)ဧက၊စုစုပေါင်းလယ်၊ယာ၊မြေပိုင်ဆိုင်မှုဧက(၁၇၁.၀၄)ဧကဖြစ်ကြောင်း၊ယာမြေ၊ခြံမြေ၊ ဓနိတောမြေ၊စားကျက်မြေ၊မြေလွတ်မြေလပ်များမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု(၇)အိမ် (၆%)၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၃၃)အိမ်(၂၈%)၊ဆင်းရဲသောအိမ်ထောင်စု(၇၄)အိမ် (၆၄%)

လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာ လယ်လုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၁၀)ကေနှင့်(၁၂)ကေကြားပိုင်ဆိုင်သူနှင့်(၁၂)ကေအထက် ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊လယ်လုပ်ငန်းသုံးထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ လယ်လုပ်ငန်းနှင့်လုပ်သားအလုပ်သမားအဖြစ် အဓိကလုပ်ကိုင်ကြပြီး (၁)ကေနှင့်(၅)ကေကြားလယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာရာသီအလိုက်နေ့စားကျပန်းလုပ်ကိုင်ကြသောမြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အုန်းကုန်းကျေးရွာတွင်အိမ်ထောင်စု(၁၁၄)အနက်မြေယာမဲ့အိမ်ထောင်စု(၆၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည်လယ်လုပ်ငန်းကိုအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့်လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာလက်တွန်းထွန်စက်(၁၅)စီး၊ခြွေလှေ့စက်(၅)စီး၊ ရေစုပ်စက်(၂၆)စီးဖြစ်ပါသည်။လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍လက်တွန်းထွန်စက်တို့အားငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၁၀)အိမ်ရှိကြောင်း၊ ခြွေလှေ့စက်အားငှားရမ်းလုပ်ကိုင် သောအိမ်ထောင်စုအရေအတွက်(၁၉)အိမ်ရှိကြောင်း၊ ရေစုပ်စက်အားငှားရမ်းလုပ်ကိုင်နေသောအိမ် ထောင်စုအရေအတွက်(၂၀)အိမ်ရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍အသုံးပြုရန်အတွက်ရွာပိုင်၊ အဖွဲ့ပိုင် စက်ကိရိယာများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

အုန်းကုန်းကျေးရွာရှိအိမ်ထောင်စုပေါင်း(၁၁၄)အနက်(၃)လနှင့် (၆)လကြားဝမ်းစာမဖူလုံ၍လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စုပေါင်း(၅)အိမ်၊ ၆လမှ၁၂လအထိဝမ်းစာမဖူလုံ၍လုပ်အားခကြိုတင်ထုတ်ယူရသောအိမ်ထောင်စု(၇)အိမ် ရှိကြောင်းလေ့လာတွေ့ရှိရပါ

အုန်းကုန်းကျေးရွာတွင်မိသားစုစောင့်ရှောက်မှုနည်းပါးသည့်သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် အိမ်ထောင်စု၊မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့်အိမ်ထောင်စု၊ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု၊ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု၊အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသောဆင်းရဲသည့်အိမ်ထောင်စုများမရှိသောကြောင့်ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသောအုပ်စုများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင်အဆင်ပြေသောအိမ်ထောင်စုနှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာအန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊မပြေလည်သောအိမ်ထောင်စုများမှာ(၃)လနှင့်(၆)လကြားစားနပ်ရိက္ခာ မဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက်ဖြေရှင်းရသည့်အခြေအနေမျိုးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။အုန်းကုန်းကျေးရွာသည်ဇလွန်မြို့၏ အနောက်ဘက်ကမ်းတွင် တည်ရှိသောကျေးရွာဖြစ်ပြီးကုန်းလမ်းခရီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊စိုက်ပျိုးရေ) ရှားပါးမှု၊မိုးခေါင်မှု၊အအေးလွန်ကဲမှု၊ပြင်းထန်သောမုန်တိုင်း၊လျှော်ဒဏ်၊မီးဘေး၊သစ်တောပြုန်းတီးမှု၊ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါ၊ကျေးရွာတွင်းပဋိပက္ခ၊တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိကြောင်း၊လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာအရွှေ့အပြောင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရသူများအတွက်အုပ်စုကဏ္ဍအလိုက်ခွဲခြားသတ်မှတ်ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း၊လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှုအနည်းအကျဉ်းသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

အုန်းကုန်းကျေးရွာတွင်သာမန်ရာသီဖျားရောဂါများမှလွဲပြီးအခြားရောဂါဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့်ရောဂါ ဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်းပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ကျေးရွာနှင့် (၃)မိုင်ခန့် ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိသဖြင့်ကျန်းမာရေးဝန်ဆောင်မှုများကောင်းစွာရရှိပြီး အဆင်ပြေမှု ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း၌မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့်အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့်ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်းတွင်ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ဇလွန်မြို့နှင့် အလှမ်းမကွာလှသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီးခက်ခဲမှုမရှိဘဲအဆင်ပြေကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာတွင်စာမတတ်သူဦးရေကျား(၃၂)ဦး၊မ(၃၉)ဦး၊ စုစုပေါင်း(၇၁)ဦး၊(၁၆)%ရှိကြောင်း၊မူလတန်းအဆင့်ရှိသူဦးရေကျား(၁၁၅)ဦး၊မ(၁၀၁)ဦး၊ စုစုပေါင်း(၂၁၆)ဦး၊(၄၉)%ရှိကြောင်း၊အလယ်တန်းအဆင့်ရှိသူဦးရေကျား(၃၀)ဦး၊မ(၃၄)ဦး၊ စုစုပေါင်း(၆၄)ဦး၊(၁၄)%ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေကျား(၂၁)ဦး၊ မ(၂၆)ဦး၊စုစုပေါင်း(၄၇)ဦး၊ (၁၀)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေကျား(၁၀)ဦး၊မ(၂၇)ဦး၊ စုစုပေါင်း(၃၇)ဦး၊ (၈)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာ၌လက်ရှိကျောင်းတက်နှုန်းအဆင့်မှာမူလတန်းအဆင့်ကျား(၁၅)ဦး၊မ(၁၁)ဦး၊ စုစုပေါင်း(၂၆)ဦး၊(၁၀၀)%ရှိကြောင်း၊အလယ်တန်းအဆင့်ကျား(၃၈)ဦး၊မ(၃၈)ဦး၊စုစုပေါင်း (၇၆)ဦး၊ (၆၇)% ရှိကြောင်း၊အထက်တန်းအဆင့်ကျား(၂၅)ဦး၊မ(၂၈)ဦး၊စုစုပေါင်း (၅၃)ဦး၊ (၇)%ရှိကြောင်း၊ တက္ကသိုလ်/ ကောလိပ်အဆင့်ကျား(၁၉)ဦး၊မ(၁၇)ဦး၊စုစုပေါင်း(၃၆)ဦး၊ (၄)%ရှိကြောင်း၊ KG အရွယ်ကျောင်းသား ကျား(၂၄)ဦး၊မ(၂၂)ဦး၊စုစုပေါင်း (၄၇)ဦး (၅၂)%တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အခြေခံပညာမူလတန်းအကျယ်မှာ(၆၀'×၄၀')ရှိပြီး ကျောင်းတွင် ဆရာ(၁)ဦး၊ဆရာမ(၄)ဦး၊ပေါင်း(၅)ဦးရှိပြီးကျောင်းသားဦးရေနှင့်ဆရာ/မဦးရေလုံလောက်မှုရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

အုန်းကုန်းကျေးရွာရှိကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊လွန်ခဲ့သောနှစ်အတွင်းကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတ မှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်းလေ့ လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည်ကိုင်းလုပ်ငန်းတစ်မျိုးတည်းအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့်ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောက်ျားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၇၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားသော ဖြူစင်မေတ္တာပရဟိတ အဖွဲ့အစည်းရှိပြီးငင်းအဖွဲ့အစည်းသည်ကျေးရွာတွင်းရှိလူမှုရေး၊စီးပွားရေး၊သာရေး၊နာရေးကိစ္စရပ်များဝင်ပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာသူကျေးရွာသားများသည်ဗမာလူမျိုးများဖြစ်ကြပြီး ဘာသာရေးလုပ်ငန်းများကိုစိတ်အားထက်သန်စွာဆောင်ရွက်ကြပါသည်။

အုန်းကုန်းကျေးရွာတွင်ဖွဲ့စည်းထားသောကျေးရွာတွင်းလူထုအခြေပြု အဖွဲ့အစည်းများမှာအဖွဲ့ဝင်(၁၀)ဦးဖြင့်ဖွဲ့စည်းထားသောမီးသတ်အဖွဲ့ရှိပြီးမီးဘေးကြိုတင်သတိပေးမှုများရှိကြောင်း၊ အဖွဲ့ဝင်(၄၀)ဦးဖြင့်ဖွဲ့စည်းထားသောဖြူစင်မေတ္တာပရဟိတအဖွဲ့အားအဖွဲ့ဝင်(၃၅)ဦးဖြင့် ဖွဲ့စည်းထားပြီးငင်းအဖွဲ့အစည်းများသည် ကျေးရွာအတွင်းရှိသာရေး၊နာရေးကိစ္စများတွင် စိတ်အားတက်ကြွစွာဖြင့်ပူးပေါင်းဆောင်ရွက်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

အုန်းကုန်းကျေးရွာသည်လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် မိုးစပါးများစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်းခွင်ဝင်ကြရပါသည်။ မိုးစပါးကိုအောက်တိုဘာလတွင်သိမ်းပြီး၊မိုးစပါးများ သိမ်းဆည်းပြီးပါက မတ်ပဲကို ဆက်လက်စိုက်ပျိုးကြရပါသည်။မိုးစပါးအထွက်နှုန်းမှာ တစ်ကေလျှင်ပျမ်းမျှ(၈၀)မှ(၁၀၀)တင်းကြားထွက်ရှိပါသည်။မတ်ပဲအထွက်နှုန်းမှာတစ်ကေလျှင်ပျမ်းမျှ(၁၂)တင်းနှုန်းထွက်ရှိပါသည်။ အုန်းကုန်းကျေးရွာသည်ဇလွန်မြို့နှင့်နီးပြီး လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ဒေသထွက်ကုန်များကို

ရောင်းချရာတွင် အဆင်ပြေမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းကောင်းများမှာ လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သောဒေသဖြစ်သဖြင့်လယ်မြေကိုကောင်းစွာအသုံးချကြခြင်း၊စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြား ဓါတုဗေဒသွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကိုအဝီစိတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊လယ်မြေများမှမြေဆီလွှာ ကောင်းမွန်ပါသည်။

အုန်းကုန်းကျေးရွာတွင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာနွားမွေးမြူသော အိမ်ထောင်စု(၇) အိမ်အကောင်ရေ(၁၂)ကောင်၊ဝက်မွေးမြူသောအိမ်ထောင်စု(၃၅)အိမ်အကောင်ရေ(၇၄)ကောင်၊ကြက်မွေးမြူသောအိမ်ထောင်စု(၆၆)အိမ်အကောင်ရေ(၃၃၃)ကောင်၊ဘဲမွေးမြူသောအိမ်ထောင်စု (၂၃)အိမ် အကောင်ရေ(၉၈)ကောင်၊မြင်းမွေးသောအိမ်ထောင်စု(၄)အိမ်အကောင်ရေ(၁၂)ကောင်ကျွဲ၊မြည်း၊လား၊ဆိတ်၊သိုး၊မွေးမြူသောအိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အုန်းကုန်းကျေးရွာတွင် ကြက်၊ဘဲ၊ဝက်၊နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြခြင်းမဟုတ်ပါ။

အုန်းကုန်းကျေးရွာ၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူ ကြခြင်းမဟုတ်ဘဲတစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ငါးလုပ်ငန်းနှင့်ပတ်သက်၍ကန်အနည်းငယ်ရှိပြီးစီးပွားဖြစ်မွေးမြူသူနည်းပြီး တစ်နိုင်တစ်ပိုင်သာမွေးမြူသူများကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အုန်းကုန်းကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြပြီးမိသားစု အပိုဝင်ငွေ ရရှိရေးတစ်ပိုင်တစ်နိုင်ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ရာသီအလိုက်လယ်ယာလုပ်ငန်းခွင် တွင်ကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ဖောကာမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်း၊ပန်းရံလုပ်ငန်းခြင်း၊ လက်သမားလုပ်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၁၆)%၊ လယ်လုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ (၇၀)%၊အပ်ချုပ်စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူနှင့်ပညာရေးဝန်ထမ်းလုပ်ကိုင်သူ(၂)%လည်းရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အုန်းကုန်းကျေးရွာသည်ဇလွန်မြို့၏အနောက်ဘက်ကမ်းတွင်တည်ရှိသောကျေးရွာဖြစ်သော်လည်း ကျေးရွာနှင့်ဇလွန်မြို့သို့တိုက်ရိုက်မော်တော်များ၊မော်တော်ဆိုင်ကယ်များအချိန်မရွေးပြေးဆွဲနေသောကြောင့်ကျေးရွာ၏ဒေသထွက်ကုန်များအားရောင်းချရန်ဈေးကွက်ကောင်းရှိပါသည်။အုန်းကုန်းကျေးရွာသည် ဇလွန်မြို့နှင့်(၃)မိုင်အကွာတွင်ရှိသော်လည်းလျှပ်စစ်မီးမရရှိသေးသည့်အတွက်စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ၊ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

အုန်းကုန်းကျေးရွာ၏သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက် ရှိသောအမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊နေအိမ်များမှထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြ သော်လည်းကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ယခုနှစ်အခါ၌လယ်ယာစိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သဘာဝမြေဩဇာသုံးစွဲမှု နည်းပါးပြီးအလွယ်တကူ အသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာအသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိရေးလိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

အုန်းကုန်းကျေးရွာတွင်လယ်သမားများမှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏သုံးပုံနှစ်ပုံခန့်လောက်သည်ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်)နှင့်UNDPချေးငွေ (အတိုးနှုန်း၂.၅ကျပ်)၊ သမဝါယမချေးငွေ(အတိုးနှုန်း၂ကျပ်)တို့ဖြင့်စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက်ချေးယူကြပါသည်။ငွေတိုးချေးသူများထံမှ (အတိုးနှုန်း၅ကျပ်)နှုန်းဖြင့်ချေးယူသူအနည်းအကျဉ်းမျှသာရှိပါသည်။

ကျေးရွာသားအများစုသည်ချေးငွေကိုအဓိကအားဖြင့်ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြကြောင်းတွေ့ရှိရပါသည်။ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရအကြွေးတင်ရှိမှုနည်းပါးကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အုန်းကုန်းကျေးရွာ၏သောက်သုံးရေရရှိမှုမှာကိုယ်ပိုင်တုံကင်တွင်း(စက်တပ်)အသုံးပြုသူ အိမ်ထောင်စု(၁၄)အိမ်ရှိကြောင်း၊ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု(၉၅)အိမ်ရှိကြောင်း၊ အိမ်နီးချင်းတုံကင်တွင်းများမှပေါင်းစပ်အသုံးပြုသူအိမ်ထောင်စု(၅)အိမ်ရှိကြောင်း၊ တုံကင်တွင်းမှ နွေ၊မိုး၊ဆောင်း၊ရာသီသုံးပါးစလုံးသောက်သုံးရေအတွက်လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း၊ လေ့လာတွေ့ရှိရပါသည်။ အုန်းကုန်းကျေးရွာသည်တစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့်ယဉ်ကျေးမှု

အုန်းကုန်းကျေးရွာတွင်းရှိလူငယ်များသည်သာရေး၊နာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ကျေးရွာတွင်းတွင်နေထိုင်သောသူများမှာဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့်ဘုရားပွဲ၊ကထိန်ပွဲများကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင်နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့်ဇာတ်ပွဲများဖြင့်ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များစာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်၊ကျေးရွာသူကျေးရွာ သားများစုပေါင်း၍ ကျေးရွာစာကြည့်တိုက်လည်းရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

အုန်းကုန်းကျေးရွာ၌ရွာဖြတ်လမ်း (၂၈၀၀ပေ)အတိုင်းအတာရှိကွန်ကရစ်လမ်းရှိသော်လည်း ၎င်းကွန်ကရစ်လမ်းမှာကျဉ်းမြောင်းနေသောကြောင့် လမ်းအားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုကျေးရွာပြည်သူထည့်ဝင်ငွေဖြင့်ပူးပေါင်းဆောင်ရွက်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာအတွင်းတွင်မည်သည့်တံတားမှမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည်လက်ရှိတွင်ဆိုလာအသုံးပြုသူအိမ်ထောင်စု(၄၅)အိမ်၊(၃၉)%၊ ဒီဇယ်အင်ဂျင်အသုံးပြုသူအိမ်ထောင်စု(၆၉)အိမ်(၆၀)%ရှိကြောင်း၊ လျှပ်စစ်မီးလင်းရေးရရှိလိုကြောင်း၊သွယ်တန်းခွင့်ရရှိပါကမိမိတို့ကျေးရွာလည်းအကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်းကြောင့်ပူးပေါင်းဆောင်ရွက်ပေးပါကကျေးရွာမှလည်းတတ်အားသရွေ့လူအင်အား၊ငွေအင်အားတို့ထည့်ဝင်၍အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များရရှိရေး အတွက်ဖုန်း(၁၅၆)လုံး၊ရေဒီယို(၃)လုံး၊တီဗွီ(၃၉)လုံး၊ဂြိုလ်တုစလောင်း(၃၀)လုံးဖြင့်အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ooredoo၊mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့်ဆက်သွယ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည်ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက်(၃)မိုင်ကျော်ကွာ ဝေးသောအနီးဆုံးဈေး “ဇလွန်ဈေး’သို့သွားလာကြပြီးစားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း၊အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရရှိနိုင်ပါသည်။ အုန်းကုန်းကျေးရွာသည်ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၁၄)မိုင်အထက်ကွာဝေးသော ဟင်္သာတမြို့သို့ဆိုင်ကယ်၊ကား/ထော်လာဂျီတို့ဖြင့်ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

အုန်းကုန်းကျေးရွာတွင်လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ခိုးဆိုးလုယက်မှုများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည်ဆက်သွယ်ရေးနှင့်ပတ်သက်၍MPT,Telenor,Ooredoo ကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူဆက်သွယ်နိုင်ပြီးကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင်အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူအကြောင်းကြားကာအကူအညီရယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ**

**အုန်းကုန်းကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ဇလွန်မြို့နှင့်နီးသောကြောင့်ဇလွန်ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကုသနေကြသဖြင့် အခက်အခဲမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်အရံမီးသတ်အဖွဲ့၊ဖြူစင်မေတ္တာပရဟိတအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့တို့ရှိပြီးအမှန်တကယ်ကျေးရွာအတွင်းထိထိရောက်ရောက်ပါဝင်လုပ်ဆောင်ကြပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

အုန်းကုန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူနည်းပါးပြီး ကပ်ပါးများသဖြင့်ကျေးရွာတွင်အဆင်ပြေသူအိမ်ထောင်စုနည်းပါးသောကြောင့် ကျေးရွာတွင်းလမ်းကို အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသောကြောင့်သက်ဆိုင်ရာ မြို့နယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သောလမ်းများဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အုန်းကုန်းကျေးရွာသည် ဇလွန်မြို့နှင့်(၃)မိုင်အကွာတွင်တည်ရှိသော်လည်း လျှပ်စစ်မီးမရရှိသေးသောကြောင့် ကျေးရွာမှကျောင်းသား/သူများစာကျက်ရာတွင် အခက်အခဲရှိပါသည်။လျှပ်စစ်မီးလင်းရေးကို သက်ဆိုင်ရာဌာနဆိုင်ရာများက လာရောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါကကျေးရွာထည့်ဝင်ငွေမှာလည်းလုံလောက်မှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာဖြတ်လမ်း(၂၈၀၀ပေ)လမ်းအားကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာလယ်တွင် (၄၀၀ပေ)စက်ရေတွင်းတည်ဆောက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းနိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် မူကြိုကျောင်းဆောင်သစ် (၄၀ပေ×၆၀ပေ)အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာဖြတ်လမ်း(၂၈၀၀ပေ)လမ်းအားကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာလယ်တွင် (၄၀၀ပေ)စက်ရေတွင်းကိုကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ပြီးကျေးရွာမှမြေလှူဒါန်းကာအကောင်အထည်ဖော်ဆောင်ရွက်သွားပါ မည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းပေးမည်ဆိုပါက မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ကျေးရွာမှပြည်သူထည့်ဝင်ငွေဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် မူကြိုကျောင်းဆောင်သစ်(၄၀ပေ×၆၀ပေ)ကိုသက်ဆိုင်ရာ ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာမှလုပ်အားဖြင့်ပါဝင်ကူညီအကောင် အထည်ဖော်ဆောင်ရွက်သွားပါမည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များ ကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှု များကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာဖြတ်လမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

အုန်းကုန်းကျေးရွာအတွင်းရှိရွာဖြတ်လမ်း(၂၈၀၀ပေ)လမ်းမှာကွန်ကရစ်လမ်းဖြစ်သော်လည်း လမ်းမှာကျဉ်းမြောင်းပြီးအချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေးကျောင်းသား/ကျောင်းသူများ၊ကျေးရွာသူကျေးရွာသားများ၊ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ခ) ရေသန့်တွင်းဆောင်ရွက်ခြင်း**

ကျေးရွာတွင်လက်ရှိသုံးစွဲနေသော ရေတုံကင်များမှာ အာဆင်းနစ်ဓါတ်များပါဝင်နေသောကြောင့်သန့်ရှင်းသောသောက်သုံးရေဖူလုံစွာမရရှိသောကြောင့် ရေသန့်စက်မှအိမ်ခြေ(၁၁၄)တွင် ရေပိုက်ခေါင်း(၁)ခုတပ်ဆင်၍သောက်သုံးရေဖူလုံစွာရရှိနိုင်ရေးကျေးလက်ဦးစီးဌာနသို့တင်ပြ၍ကျေးရွာမှလည်းထည့်ဝင်ငွေများဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်။

**(ဂ) ကျေးရွာမှလျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာမှာစီးပွားရေးအဆင့်အတန်းခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောကြောင့်ကျေးရွာ၏စီးပွားရေး၊လူမှုရေး၊ပညာရေး၊အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊လျှပ်စစ်မီးလင်းရေးရရှိရေးအတွက်ကျေးရွာမှစိတ်အားထက်သန်နေသောကြောင့်ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ဘက်စုံတိုးတက်ကောင်းမွန်စေရန်မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဃ) ကျေးရွာမှမူကြိုကျောင်းဆောင်သစ်ရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာမှကျောင်းသားဦးရေတိုးပွားလာခြင်းကြောင့်စာသင်ကျောင်းအခက်အခဲရှိသဖြင့် မူကြိုကျောင်းဆောင်သစ်(၄၀ပေ×၆၀ပေ)ကိုဆောင်လုပ်မည်ဆိုပါက ကျေးရွာမှငွေကြေး မတတ်နိုင်သဖြင့်

လုပ်အားဖြင့်ပါဝင်ကူညီပြီး ပညာရေးဌာနနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်း များအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အကုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ကျေးရွာဖြတ်ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၂) ကျေးရွာတွင်ရေသန့်တွင်းဆောင်ရွက်ခြင်း

(၃) ကျေးရွာမှလျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း

(၄) ကျေးရွာမှ မူကြိုကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာဖြတ်ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်ရေသန့်တွင်းဆောင်ရွက် ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာမှလျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း | ၃ | | ✔ | ✔ | ✔ | ✔ |
| ၄။ | ကျေးရွာမှ မူကြိုကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာဖြတ်ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၂။ | ကျေးရွာတွင်ရေသန့်တွင်းဆောင်ရွက် ခြင်း | | | ✔ | | |
| ၃။ | ကျေးရွာမှလျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၄။ | ကျေးရွာမှမူကြိုကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

